myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 21, 2019 Volume 22, Number 14

**၂၁.၈.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၀၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၇၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၂/ကျပ် |
| CBM Rate | = ၁၅၂၂.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၉.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၂၉.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၃.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၅၀ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၆.၅၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၄.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၄၇၈ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်ဈေးကွက်၌ စားအုန်းဆီနှင့်ထန်းလျက် ဈေးနှုန်းများ မြင့်တက်မှုများလာ

မိုးရွာသွန်းမှုများနေသောဩဂုတ်လ ဒုတိယပတ်အတွင်း ရန်ကုန်ဈေးကွက်၌ စားအုန်းဆီနှင့်ထန်းလျက်ဈေးနှုန်းများ မြင့်တက်မှုများလာသည်။ ပြည်ပ စားအုန်းဆီ တစ်တန် ဒေါ်လာ ၅၄၀၊ ငွေလဲနှုန်း ၁၅၁၃ ကျပ်၊ တစ်ပိဿာဆိပ်ကမ်းရောက် အရင်းဈေး ၁၅၂၇ ကျပ်ရှိပြီး ရန်ကုန်ဈေးကွက်ရောင်းဈေးမှာ တစ်ပိဿာ ၁၅၄၅ ကျပ်နှုန်းသို့ ဈေးနှုန်းအတက်ကြမ်းလာသည်။ ဩဂုတ်လ ၂ ရက်တွင် ဆီထုတ်ယူခွင့်စာရွက် လက်ကားတစ်ပိဿာ ကျပ် ၁၄၅၀ နှုန်းရှိရာမှ ၁၁ ရက်ကြာ ဩဂုတ်လ ၁၃ ရက်တွင် ကျပ် ၁၅၅၀ သို့ ဈေးနှုန်းတက်လာသည်။ ပြည်ပဈေး တစ်တန် ၂၅ ဒေါ်လာ မြင့်တက်လာသည်။

မတ်လ ၁၃ ရက်တွင် ပြည်ပစားအုန်းဆီတစ်တန် ဒေါ်လာ ၅၄၀၊ ငွေလဲနှုန်း ၁၅၂၃ ကျပ်၊ တစ်ပိဿာ အရင်းဈေး ၁၅၅၅ ကျပ် D.O ရောင်းဈေး ကျပ် ၁၅၀၀ နှုန်းသာရှိခဲ့သည်။ ဇူလိုင်လ ၁၂ ရက်တွင် ပြည်ပတစ်တန်ဈေး ၄၉၅ ဒေါ်လာ၊ ငွေလဲနှုန်း ၁၅၁၁ ကျပ်၊ အရင်းဈေး တစ်ပိဿာ ၁၄၀၅ ကျပ်၊ D.O ရောင်းဈေး ၁၄၀၅ ကျပ်သာရှိခဲ့သည်။ ပြည်ပစားအုန်းဆီ ဈေးနိမ့်ချိန် ဖွန်လအတွင်း ပြည်ပက စားအုန်းဆီ တင်သွင်းမှုတန်ချိန် ၄၂၀၀၀ ဝန်းကျင်သာရှိပြီးပြည်ပဈေးနှုန်း စတင်မြင့်တက်စပြုလာသော ဇူလိုင်လတွင်မှ စားအုန်းဆီတန်ချိန် ၁၀၄၀၀၀ ကျော်၊ ဩဂုတ်လဆန်းတွင်မှ တန်ချိန်၆၀၀၀၀ ဝန်းကျင် တင်သွင်းရန် စားအုန်းဆီ အသင်းမှ ထောက်ခံချက် ထုတ်ယူခဲ့သည်ဟုသိရသည်။

ပြည်ပ စားအုန်းဆီ ဈေးနှုန်းသည် ငါးလတာအတွင်း တစ်တန်ဒေါ်လာ ၅၄၀ နှုန်းသို့ ပြန်လည်ရောက်ရှိလာသည်။ မတ်လထက် ဩဂုတ်လတွင် ငွေလဲနှုန်းသည် နိမ့်နေ၍ အရင်းဈေးနှုန်းသည် မတ်လတွင် ဩဂုတ်လထက် မြင့်နေသော်လည်း ရန်ကုန်ဆီဈေးကွက်တွင် ရောင်းဈေးမှာ မတ်လထက်ဩဂုတ်လတွင်မြင့်နေသည်ဟု ဆီဈေးကွက်မှသိရသည်။ ရန်ကုန်အာလူးဈေးကွက်တွင် ရှမ်းအောင်ပန်း အာလူး အသစ်များနှင့် တရုတ်အာလူးအသစ်များ ဝင်ရောက်မှုရှိရာတွင် ဝယ်သူများမှာ တရုတ်အာလူးကိုသာ ဝယ်ယူမှုများနေ၍ ဈေးနှုန်းကွာဟမှုလည်း များလာသည်။ ယခုရက်ပိုင်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လာသောအာလူးအောင်ပန်းအသစ် များသည် အလုံးမချောဘဲ အဖုအထစ်များပါခြင်း၊ အထားမခံခြင်း၊ အရည်အသွေး ညံ့ခြင်းတို့ကြောင့် အာလူးဝယ်သူများက အောင်ပန်းရှမ်းအာလူးဈေးနှုန်း အရွယ်စုံ ဒိုးဈေး တစ်ပိဿာ ကျပ် ၆၀၀ ဖြင့် ဩဂုတ်လ ၁၃ ရက်တွင် ဝယ်ယူမှုမရှိဘဲ တရုတ်အာလူးကို တစ်ပိဿာ ကျပ် ၈၇၀ ဖြင့်သာ ဝယ်ယူနေကြသည်။

ဩဂုတ်လ ၁၄ ရက်တွင်မှ ကျပ် ၈၈၀ နှုန်း တရုတ်အာလူးဈေးနှုန်း မြင့်တက်လာသည်။ ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၂၉၀၀ နှုန်းသာ ဩဂုတ်လ ၁၄ ရက်တွင် ဈေးနှုန်းရှိသည်။ ရှမ်းအောင်ပန်းကြက်သွန်ဖြူမှာမူ

ဩဂုတ်လ ၁၄ ရက်တွင် ကျပ် ၁၇၅၀-၂၂၀၀-၂၇၀၀-၃၀၀၀ နှုန်းဖြင့် ဈေးနှုန်း မပြောင်းလဲဘဲရှိသည်။ ဇူလိုင်လ ၉ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၃၇၀၀ နှုန်းရှိရာမှ တစ်လဝန်းကျင်အကြာတွင် ကျပ် ၂၉၀၀နှုန်းသို့ ဈေးကျလာသည်။ သို့သော် ယခင်နှစ် ကာလတူဖြစ်သော ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်တွင် ကြူကုတ်ကြက်သွန်ဖြူ လက်ကားတစ်ပိဿာ ကျပ် ၉၅၀၊ရှမ်းအောင်ပန်းကြက်သွန်ဖြူတစ်ပိဿာ ကျပ် ၆၅၀-၉၀၀-၁၀၅၀-၁၂၅၀ နှုန်းသာရှိရာမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လလယ် ကြက်သွန်ဖြူနှစ်မျိုးစလုံး၏ဈေးနှုန်းသည် ယခင်နှစ်ကာလတူထက် တစ်ပိဿာ ကျပ် ၂၀၀၀ ခန့် ဈေးမြင့်နေသည်ဟုသိရသည်။ ပြည်တွင်းသကြားဈေးကွက်တွင် သကြားများစုပုံနေမှုများပြားနေသည့်အတွက် ရန်ကုန် သကြားဈေးကွက်တွင် သကြားလက်ကားတစ်ပိဿာ ကျပ် ၁၀၆၀-၁၀၇၀ နှုန်းရှိသောပြည်တွင်းထုတ် သကြားအချို့ ဈေးနှုန်းသည် ဩဂုတ်လ ၁၄ ရက်တွင် ကျပ် ၁၀၃၀ ဝန်းကျင်သို့ ဈေးနှုန်းကျလာသည်။ သို့သော် ထိုသို့ဈေးနှုန်းနည်းနေသော သကြားများနှင့်ရောနှောမှုရှိတတ်သော ထန်းလျက်ဈေးနှုန်းမှာမြင့်တက်နေသည်။

ရန်ကုန်ကြက်သွန်နီဈေးကွက်တွင် ကုန်စည်ဒိုင်ဈေးနှုန်းဖော်ပြမှုမှာ ပြောင်းလဲမှုမရှိဘဲ ဩဂုတ်လ ၆ ရက်မှ ၁၄ ရက်အထိ ဆိပ်ဖြူ၊ မုံရွာကြက်သွန်နီ လက်ကား တစ်ပိဿာ ၅၅၀-၇၅၀-၈၂၅-၉၀၀ ကျပ်ဟုသာ ဖော်ပြထားသည်။ ဈေးကွက်အတွင်း ကြက်သွန်နီများ၏ အရည်အသွေးပေါ်မူတည်၍ ဒိုင်ဈေးနှုန်းထက် လျှော့ရောင်းခြင်းများရှိလာသည်။ အရွယ်အစား အသေးဆုံး RC လတ်ချောသည် ယခင်နှစ်ကာလတူထက် ဈေးနှုန်းကွာခြားမှုနည်းသော်လည်း အရွယ်အကြီးများဖြစ်သော လတ်ကြီးနှင့် ရှယ်များမှာ ယခင်နှစ်ကာလတူထက် တစ်ပိဿာ ကျပ် ၃၀၀ ဝန်းကျင်ဈေးမြင့်နေသည်။ ယခုနှစ် နွေကြက်သွန်နီအသစ် ဈေးကွက်သို့ ဝင်ရောက်ချိန် ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာ ကျပ် ၃၅၀-၄၅၀-၅၀၀-၅၀၀ ဝန်းကျင်၊ မူဆယ်နယ်စပ်ဈေးတစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်ရှိခဲ့သည်။ ပြီးခဲ့သည့်နွေကာလ ၎င်းကြက်သွန်နီဈေးနှုန်းဖြင့် အကျိုးအမြတ်ရရှိသဖြင့်လာမည့်လများတွင် ရာသီအချိန်အမီ ကြက်သွန်နီစိုက်ပျိုးနိုင်ရန် ကြက်သွန်နီမျိုးဥများ ကြိုတင် စုဆောင်းနေကြရာ ၂၀၁၈ ခုနှစ်တွင် ကြက်သွန်နီမျိုးဥ တစ်ပိဿာ ကျပ် ၁၂၅၀ နှုန်းရှိရာမှ ၂၀၁၉ခုနှစ်၊ ယခုလပိုင်းတွင် ကျပ် ၂၅၀၀ နှုန်းရှိလာသည်။ စိုက်ပျိုးချိန်တွင် ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ အတွင်း ဈေးနှုန်းရှိနိုင်သည်ဟု သတင်းများတွင် ဖော်ပြလာသည်။

ကြက်သွန်နီစိုက်ပျိုးသည့် တစ်ဧကလျှင် မျိုးစေ့တန်ဖိုးမှာကျပ် ၇၀၀၀၀ မှ ကျပ် ၈၀၀၀၀ ဝန်းကျင်အကြား ကုန်ကျမှု ရှိသည်ဟုသိရသည်။ ဩဂုတ်လဆန်းပိုင်း နယ်စပ်ကြက်သွန်နီဈေးကွက်သို့ တင်ပို့မှုနှင့်ဈေးနှုန်းမှာ သိသာသောပြောင်းလဲမှု နည်းပြီး ဘုရင့်နောင်ဈေးကွက်သို့သာ တင်ပို့မှုများနေဆဲဖြစ်သည်။ မွန်၊ ကရင်ပြည်နယ်နှင့်တနင်္သာရီ တိုင်းဒေသကြီးတို့တွင် ရေလွှမ်း၊ ကားလမ်းအဆက်အသွယ် ယာယီပြတ်တောက်နေဆဲဖြစ်၍ ရန်ကုန်ကြက်သွန်နီဈေးကွက်တွင် မြစ်ဝကျွန်းပေါ် ဒေသ အပို့အဝယ်များတွင်သာ အလေးထားရောင်းနေရသည်။ ပိတ်ရက်နှစ်ရက်အလွန် ဩဂုတ်လ ၁၃ ရက် ရန်ကုန် ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၃၃၀၀၀၀၊ ဩဂုတ်လ ၁၄ ရက်တွင် ပိဿာချိန် ၂၁၀၀၀၀ အသီးသီးဝင်ရောက်ခဲ့သည်။

**Source:** www.thefarmermedia.com

## Huawei အပေါ် ကုန်သွယ်ရေးပိတ်ပင်မှု အမေရိကန်က နောက်ထပ်ရက် ၉၀ ထပ်မံဆိုင်းငံ့ပေး

တရုတ်နည်းပညာကုမ္ပဏီကြီး Huawei အပေါ် ပိတ်ပင်မှုတစ်ခုဟာ နောက်ထပ် ရက် ၉၀ အသက်ဝင်လာမှာ မဟုတ်သေးဘူးလို့ အမေရိကန်ကုန်သွယ်ရေးဝန်ကြီး Wilbur Rossက အတည်ပြုလိုက်ပါတယ်။ အမေရိကန်ကတော့ အမျိုးသား လုံခြုံရေးစိုးရိမ်မှုအကြောင်းပြချက်တွေကြောင့် မေလက ယင်းတရုတ်ကုမ္ပဏီကို blacklist လုပ်ထားခဲ့တာ ဖြစ်ပါတယ်။ ယင်းနောက် အပြောင်းအလဲကို အဆင်ပြေစေဖို့အတွက် အလို့ငှာ Huawei ကို ယာယီ ခွင့်ပြုချက်တစ်ရပ် အမေရိကန်က ထုတ်ပေးထားခဲ့တာဖြစ်ပါတယ်။ ယင်းဆိုင်းငံ့ခွင့်ပြုချက်က ဩဂုတ် ၁၉ မှာ သက်တမ်းကုန်ဆုံးခဲ့ပြီး ယခုအခါ နောက်ထပ် ရက် ၉၀ ထပ်မံ ဆိုင်းငံ့ပေးထားလိုက်တာဖြစ်ပါတယ်။ သို့ပေမယ့်လည်း Huawei ကုမ္ပဏီနဲ့ ပတ်သက်တဲ့ လက်အောက်ခံလုပ်ငန်းပေါင်း နောက်ထပ် ၄၆ ခု ကို ယခုအခါမှာ US Entity List မှာ ပေါင်းထည့်တော့မယ်လို့ Mr Ross က ပြောကြားသွားခဲ့ပါတယ်။

**Source:** https://www.bbc.com/news/technology-49391420

SFJ Strategy First Journal

## ၁၀ လကျော်ကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၈၃ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမှုစီးဝင်

၁၀ လကျော်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ ကန်ဒေါ်လာ ၃ ဒသမ ၈၃ ဘီလီယံကျော်အထိရှိလာခဲ့တယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ထုတ်ပြန်ချက်အရသိရပါတယ်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်နေ့မှ အခုဩဂုတ်လလယ်ပိုင်းအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် လုပ်ငန်း ၂၃၅ ခုကို အတည်ပြုပေးခဲ့ပြီး ယင်းလုပ်ငန်းများရဲ့ မတည်ရင်းနှီးမြှုပ်နှံမှုက ကန်ဒေါ်လာ ၂ ဒသမ ၂၉ ဘီလီယံကျော်အထိရှိနေပါတယ်။ ဒါ့အပြင်ယင်းကာလအတွင်းရှိပြီးသား လုပ်ငန်းများရဲ့ ထပ်တိုးရင်းနှီးမြှုပ်နှံမှုက ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံကျော်အထိရှိခဲ့တယ်လို့ ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုကလည်း ယင်းကာလအတွင်း ကန်ဒေါ်လာ ၂၂၃ သန်းကျော်အထိရှိခဲ့တာကြောင့် ပမာဏအားဖြင့် ၁၀ လတာ ရင်းနှီးမြှုပ်နှံမှုပမာဏက ကန်ဒေါ်လာ ၃၈၃၂.၄၆၆ သန်းအထိ ရှိခဲ့ပါတယ်။

ထိုကဲ့သို့ရင်းနှီးမြှုပ်နှံမှု တိုးမြင့်ခြင်းက အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ်(MyCO) မိတ်ဆက်ခြင်း၊ (Project Bank) နဲ့ (Land Bank) အကြောင်းအလေးထားပြောကြားမှုတွေကြောင့်ဖြစ်တယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းရဲ့ ပြောဆိုမှုတွေအရသိရပါတယ်။ ပြီးခဲ့တဲ့ ၁၃ ရက်နေ့တွင်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း ၂ ခုနဲ့ အတည်ပြုလုပ်ငန်း ၉ ခုကို ခွင့်ပြု ခဲ့ပါသေးတယ်။ စုစုပေါင်းလုပ်ငန်း ၁၁ ခု ရင်းနှီးမြှုပ်နှံမှုက ကန်ဒေါ်လာ ၇၄ သန်းကျော်အထိရှိနေပြီး အလုပ်ကိုင်အခွင့်အလမ်းပေါင်း ၅၈၈၇ ဦးကို ဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

**Source:** SFJ Strategy First Journal

## တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပေါ်လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကျင်းပ

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာ- ဂျပန်- အမေရိကန် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ Novotel Yangon Max Hotel ၌ ကျင်းပသည်။ အဆိုပါဖိုရမ်ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဂျပန်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ အမေရိကန်ကုန်သည်ကြီးများအသင်း၊ ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၊ ဂျပန်အပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် အမေရိကန်စီးပွားရေးဝန်ဆောင်မှုအဖွဲ့တို့ပူးပေါင်း၍ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါဖိုရမ်အား မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(Myanmar Sustainable Development Plan-MSDP) နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်း(Myanmar Investment Promotion Plan-MIPP) တို့အရ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အလားအလာကောင်းများအားသိရှိနိုင်ရန်နှင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရန်ရည်ရွယ်၍ ကျင်းပ ပြုလုပ်ခြင်းဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံသို့ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများမှာ ၂၀၁၉ ခုနှစ် ဇူလိုင်လ ကုန်အထိ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၄၃၂ ဒသမ ၇၉၆ သန်း အသီးသီးရှိသည်။ ဖိုရမ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဂျီဒီပီသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန် ဒေါ်လာ ၈ ဒသမ ၉ ဘီလီယံရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဘီလီယံ အထိ တိုးတက် လာခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများအနက် စီးပွားရေးတိုးတက်မှုအမြင့်မားဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါကြောင်း၊ အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများကြောင့် ကုမ္ပဏီသစ်များ၊ ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုတွင်ကျယ်လာသည်ကိုတွေ့နိုင်ပါကြောင်း၊ ဂျပန်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသည်ကို ကြိုဆိုပါကြောင်း၊ ယခုအခါ သီလဝါအထူးစီးပွားရေးဇုန်တွင် ကုမ္ပဏီပေါင်း ၁၀၈ ခုကျော် ရင်းနှီးမြှုပ်နှံလျက်ရှိပြီး ကုမ္ပဏီထက်ဝက်ကျော်မှာ ဂျပန်ကုမ္ပဏီများဖြစ်ကြောင်း၊ ဂျပန်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်သည့်ကုမ္ပဏီများဖြစ်သော Suzuki နှင့် Toyota တို့ အပြင် Yakult Probiotic drink လုပ်ငန်းလည်း ပါဝင်ပါကြောင်းနှင့် မြန်မာ့စွမ်းအင်ကဏ္ဍတွင် ဂျပန်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုပါကြောင်းပြောကြားသည်။ ဆက်လက်၍ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း

များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် General Electric၊ Chevsron နှင့် Ford ကုမ္ပဏီများမှ ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် လိုအပ်သည့်အရည်အသွေးရှိပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများဖြစ်ပါကြောင်း၊ အမေရိကန်နိုင်ငံ Overseas Private Investment Corporation မှ မြန်မာနိုင်ငံ၏ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Apollo Towers ကုမ္ပဏီမှတစ်ဆင့် မြန်မာ့ဆက်သွယ်ရေးအတွက် လိုအပ်လျက်ရှိသော တာဝါတိုင်ပေါင်း ၁၈၀၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့ပါကြောင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖိုရမ်သို့တက်ရောက်လာကြသည့် ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့မှ သံအမတ်ကြီးများ၊ သံရုံးများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များသင်းချုပ်မှ ကိုယ်စားလှယ်များ၊ JICA နှင့် JETRO တို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နှင့် အမေရိကန်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံရှိ ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတွေ့အကြုံများအား ရင်းနှီးပွင့်လင်းစွာမေးမြန်းခဲ့သည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ဖြေလျော့ပေးခြင်း၊ အွန်လိုင်းဖြင့် ကုမ္ပဏီမှတ်ပုံတင်စနစ် (MyCO) အား မိတ်ဆက်ခြင်းနှင့် စီမံချက်ဘဏ် (PROJECT BANK) နှင့် မြေယာဘဏ် (LAND BANK) တို့အကြောင်းကို အလေးထားပြောကြားခဲ့ပြီး အဆိုပါပြုပြင်ပြောင်းလဲမှုများကြောင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၀၁၉ ခုနှစ် နှစ်ဝက်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုအလားအလာများ တိုးတက်လာစေရေးအတွက် စီစဉ်ဆောင်ရွက်မှုများအား မြန်မာ့ဆိုင်းဝိုင်း၏ အစီအစဉ်ကျနပုံကို ဥပမာပေးလျက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကိုလည်း အစီအစဉ်တကျဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အစိုးရအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရာတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းအသစ်များနှင့်စပ်လျဉ်း၍ စကားဝိုင်းဆွေးနွေးမှုအစီအစဉ်ကို ဆက်လက်ပြုလုပ်သည်။ ပထမစကားဝိုင်း ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr. Ichiro Maruyama နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့မှ အရည်အသွေးရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ကိုင်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အဓိကကြုံတွေ့နေရသည့်စိန်ခေါ်မှုများနှင့် ၎င်းစိန်ခေါ်မှုများအတွက် မြန်မာ-ဂျပန်-အမေရိကန် သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မှု”ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ ကြုံတွေ့ရသည့်စိန်ခေါ်မှုများမှာ မြန်မာ့ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအတွက် လိုအပ်သည့် အခွင့်အလမ်း အဖြစ် ယူဆနိုင်ပါကြောင်း ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များက “ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ၏အခန်းကဏ္ဍနှင့် မြန်မာ့ဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် ကြုံတွေ့နေရသည့် ၎င်းတို့၏စိန်ခေါ်မှုများ” ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးခဲ့ကြပြီး ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးမြှင့်ရန် မြန်မာနိုင်ငံအတွင်းရင်းနှီးမြှုပ်နှံလျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက် သွားနိုင်ရေး အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နိဂုံးချုပ်အမှာစကားပြောကြား၍ ဖိုရမ်ကိုညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**Source:** https://www.facebook.com/SFJWeekly/posts/2608802802540329?__tn__=K-R

## ၂၀၂၀ ကျရင် အာဂျင်တီးနားမှာ ကားထုတ်လုပ်မှုရပ်ဆိုင်းတော့မယ့် Honda

ဂျပန်ရဲ့ Honda Motor Co ကတော့ လာမယ့်နှစ်ကျရင် အာဂျင်တီးနားမှာ မော်တော်ကားထုတ်လုပ်မှုတွေကို ရပ်ဆိုင်းသွားတော့မှာဖြစ်တယ်လို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ ဒါဟာ ကားထုတ်လုပ်မှုလုပ်ငန်းနဲ့ပတ်သက်လို့ ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲတစ်ရပ်ရဲ့ တစ်စိတ်တစ်ဒေသအဖြစ် ခုလိုဆုံးဖြတ်ရခြင်းဖြစ်တယ်လို့သိရပါတယ်။ Buenos Aires ပြည်နယ်တွင်းမှာ HR-V ကားမော်ဒယ်တွေ အဓိကထုတ်လုပ်နေတဲ့ ကားစက်ရုံမှာ လာမယ့်နှစ်ကျရင် မော်တော်ဆိုင်ကယ်တွေ ထုတ်လုပ်မှုတစ်ခုတည်းကိုပဲ အာရုံစိုက်လုပ်ကိုင်တော့မယ်လို့ Honda က ပြောပါတယ်။

Honda အနေနဲ့ကတော့ ၂၀၀၆ ခုနှစ်ကနေစပြီး အာဂျင်တီးနားမှာ မော်တော်ဆိုင်ကယ်တွေ စတင်ထုတ်လုပ်လာနေခဲ့တာဖြစ်ပြီး ၂၀၁၁ မှာ ကားထုတ်လုပ်မှုကို စတင်ခဲ့တာဖြစ်ပါတယ်။ ဒီလို ကားထုတ်လုပ်မှုရပ်ဆိုင်းမယ့် ဆုံးဖြတ်ချက်ဟာ အာဂျင်တီးနားက ရွေးကောက်ပွဲတွေနဲ့မသက်ဆိုင်ကြောင်း Honda က ထုတ်ပြန်သွားပါတယ်။

**Source:** https://japantoday.com/.../Honda-to-stop-making-cars-in-Argen...

**SFJ Strategy First Journal**

## စံချိန်တင်မြင့်တက်ခဲ့သောရွှေဈေးနှုန်း အနည်းငယ်ပြန်လည်ကျဆင်း



ယခုအပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းသည် အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ်တစ်သောင်းကျော် ဈေးနှုန်းကျဆင်းလာကြောင်း ပြည်တွင်းရွှေလုပ်ငန်းရှင်အသိုင်းအဝိုင်းမှ သိရသည်။ ဩဂုတ်လ ၁၃ ရက်က ပြည်တွင်းရွှေဈေးကွက်အတွင်း အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ် (၁၂၃၇၀၀၀) ဝန်းကျင်မှ ဩဂုတ်လ ၂၀ ရက်တွင် အကယ်ဒမီရွှေတစ်ကျပ်သားလျှင် ကျပ် (၁၂၂၅၅၀၀) ဝန်းကျင်သို့ ကျဆင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရွှေဈေး ပြန်ကျသွားလို့ မြန်မာ့ရွှေဈေးလဲလိုက်ကျသွားတာပါ။ အရမ်းကြီးတော့ ကျသွားမယ်မထင်ဘူး” ဟု မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဩဂုတ်လ ၂၀ ရက်က BETV သို့ ပြောသည်။ ကမ္ဘာ့ရွှေဈေးသည် ဩဂုတ်လ ၁၃ ရက်နေ့တွင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ (၁၅၃၁) ဒေါ်လာမှ ဩဂုတ်လ ၂၀ ရက်တွင် (၁၄၉၈) ဒေါ်လာဝန်းကျင်သို့ ရောက်ရှိခဲ့သည်။ ပြည်တွင်းရွှေဈေးနှုန်းသည် ကမ္ဘာ့ရွှေဈေးနှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်းအပေါ်တွင် အဓိကမှီခိုနေပြီး ဝယ်လိုပေါ်မူတည်ကာ ဈေးနှုန်း အနည်းငယ်ပြောင်းလဲလေ့ရှိကြောင်းသိရသည်။

ယခုလဆန်းပိုင်းက အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ (၁၅၀၈) ကျပ် ရှိခဲ့သော် ပြည်တွင်း အမေရိကန်ဒေါ်လာ ငွေလဲနှုန်းသည် လက်ရှိဈေးကွက်အတွင်း အမေရိကန်ဒေါ်လာလျှင် မြန်မာငွေ (၁၅၂၅) ကျပ် ဝန်းကျင်သို့ မြင့်တက်ခဲ့ကြောင်းသိရသည်။ နှစ်စဉ် ဩဂုတ်လသည် ရွှေရောင်းဝယ်မှုကျဆင်းချိန်ဖြစ်ရာ ယခုအပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းသည် အမြင့်ပိုင်းတွင်ငြိမ်နေသဖြင့် အရောင်းအဝယ်အေးနေကြောင်း ရန်ကုန်မြို့ အခြေစိုက်ရွှေဆိုင်အချို့မှသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## မကွေးတိုင်းတွင် စားသုံးဆီဖူလုံရေး မြေပဲကေ လေးသိန်းစိုက်ပျိုးရန်လျာထား ရာသီဥတုအခြေအနေကြောင့် ကေနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့




မကွေးတိုင်းဒေသကြီးတွင် စားသုံးဆီဖူလုံရေးအတွက် ယခုနှစ်မိုးရာသီကာလ၌မြေပဲကေလေးသိန်းကျော် စိုက်ပျိုးရန်လျာထားခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ကေနှစ်သိန်းကျော်သာ စိုက်ပျိုးနိုင်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့အနက် နှမ်းသီးနှံကို အများဆုံးစိုက်ပျိုးကြပြီး မြေပဲကို ဒုတိယအများဆုံးစိုက်ပျိုးကြကာ ယခုနှစ် မိုးရာသီ၌မြေပဲ ၂၇၁၀၆၇ ကေ စိုက်ပျိုးနိုင်ခဲ့သည်။ အခုနှစ် မိုးရာသီကာလမှာ ဆီထွက်သီးနှံမြေပဲကို စိုက်ကေလေးသိန်းကျော် လျာထားခဲ့ပေမယ့် ရာသီဥတုဖောက်ပြန်ပြီး မိုးခေါင်နေတဲ့အတွက် အညာဒေသမိုးကောင်းရေသောက် ယာမြေတွေမှာ မိုးမရွာလို့ မိုးရွာသွန်းချိန်စောင့်ပြီး ထွန်ယက်စိုက်ပျိုးရတာကြောင့် စိုက်ချိန်တွေနောက်ကျလို့ စိုက်ကေတွေလျော့နည်းခဲ့တာဖြစ်ပါတယ်ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက ပြောဆိုသည်။ ယမန်နှစ်က မိုးမြေပဲ ၂၈၇၀၆၇ ကေ စိုက်ပျိုးနိုင်ခဲ့ပြီး အခုနှစ်မှာ မိုးမြေပဲ ၂၇၁၀၆၇ ကေပဲ စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် စိုက်ကေ ၁၆၀၀၀ ခန့်လျော့နည်းခဲ့ပါတယ်။ ဒါ့အပြင်မိုးခေါင်နေတဲ့အတွက် အခုနှစ်မှာစိုက်ပျိုးပြီး မိုးမြေပဲ ၁၀၉ ကေ ထိခိုက်ပျက်စီးခဲ့ရတယ်ဟု ၎င်းကရှင်းပြသည်။

ယခုနှစ်တွင် မိုးမြေပဲစိုက်တောင်သူများ သီးနှံအထွက်နှုန်းကောင်းစေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်း၊ မျိုးသန့်များ၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ စနစ်တကျသုံးစွဲ

နည်းများ၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်ပျိုးနည်းစနစ်များကို တောင်သူများသိရှိလိုက်နာဆောင်ရွက်နိုင်ရန် မြို့နယ်များ၌ စိုက်ပျိုးရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ ဒီနှစ် မြေပဲ ခြောက်ဧကလောက် စိုက်ပျိုးခဲ့တယ်။ ဇွန်လဆန်းလောက်ကရွာခဲ့တဲ့ မိုးမှာထွန်ယက်စိုက်ပျိုးခဲ့တာပါ။ စိုက်ပြီးလို့ ရက်သားလောက်ပဲရှိသေးတယ်၊ မိုးမရွာတော့လို့ ကုန်းမြေမှာစိုက်တဲ့ နှစ်ဧကလောက် အပင်တွေသေကျေခဲ့တယ်။ ချောင်းနားနီးတဲ့ လေးဧကလောက်ပဲ အစိုဓာတ်ရှိနေတဲ့အတွက် သေကျေမှုနည်းခဲ့တာပေါ့။ ပျက်စီးခဲ့တဲ့ နှစ်ဧကနေရာမှာ ပြန်ထွန်ယက်ပြီး နေကြာတွေကြဲထားတယ်ဟု မင်းဘူးမြို့ ရေမျက်ကျေးရွာနေ တောင်သူကိုအောင်နိုင်ကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/127242.html

## မြဝတီကုန်သွယ်ရေးစခန်းမှ ဘဏ္ဍာနှစ်သစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ၁၀ လကျော် ကာလအတွင်း ဒေါ်လာ ၈၂၄ ဒသမ ၀၂၈ သန်း ကုန်သွယ်ခဲ့ခြင်းကြောင့် ယခင်နှစ်ကာလတူထက် ဒေါ်လာ ၅၀ ဒသမ ၀၉၈ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့



မြန်မာ-ထိုင်းနယ်စပ် မြဝတီကုန်သွယ်ရေးစခန်းမှ ဘဏ္ဍာနှစ်သစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၈ ရက်အထိ ၁၀ လကျော် ကာလအတွင်း အမေရိကန်ဒေါ်လာ ၈၂၄ ဒသမ ၀၂၈ သန်း ကုန်သွယ်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကာလတူကထက် အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၀၉၈ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်သို့ ထိုင်းကုန်ပစ္စည်းများ တင်သွင်းမှုမှာ ယခင်နှစ်ကထက် များစွာလျော့ကျနေသော်လည်း ထိုင်းနိုင်ငံဘက်သို့ ပို့ကုန်တင်ပို့မှုမှာ ယခင်နှစ်ကထက် နှစ်ဆနီးပါး မြင့်တက်လာသည့်အတွက် ကုန်သွယ်မှု စုစုပေါင်းပမာဏမှာ ယခင်နှစ်ကာလတူကထက် မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

ယခုနှစ်တွင် မြဝတီနယ်စပ်မှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြောင်းဆန်တင်ပို့မှု များပြားလာခြင်းကြောင့် ပို့ကုန်ပမာဏမှာ ၁၀ လကျော်အတွင်း အမေရိကန်ဒေါ်လာ ၁၇၉ ဒသမ ၈၁၆ ကုန်သွယ်နိုင်ခဲ့သည့်အတွက် ယခင်နှစ် ကာလတူကထက် နှစ်ဆနီးပါး မြင့်တက်လာခဲ့က ဒေါ်လာ ၁၀၂ ဒသမ၂၇၄ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်းသိရသည်။ သို့သော်လည်း ပြည်တွင်းဈေးကွက်သို့ ထိုင်းကုန်စည်စီးဆင်းမှုမှာ ယခင်ထက်များပြားနေသော်လည်း ၁၀ လကျော်အတွင်း အမေရိကန်ဒေါ်လာ ၆၄၄ ဒသမ ၂၆၆ သန်းသာ ကုန်သွယ်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူ ထက် ၅၀ ဒသမ ၂၂၆ သန်း လျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

မြဝတီနယ်စပ် ကုန်သွယ်ရေးစခန်းမှ ယခုဘဏ္ဍာနှစ်တွင် ထိုင်းနိုင်ငံသို့ တရားဝင် ကုန်ပစ္စည်းတင်ပို့မှုမှာ ယခင်နှစ်ကထက် သိသိသာသာ မြင့်တက်လာသော်လည်း ထိုင်းကုန်ပစ္စည်း တင်သွင်းမှုထက် လျော့နည်းနေဆဲ ဖြစ်သည်။ ယခင်ဘဏ္ဍာနှစ်အတွင်းက ရှစ်ဆခန့်လျော့နည်းခဲ့ရာမှ ယခုနှစ် မြန်မာပို့ကုန်မြင့်တက်လာသလောက် ထိုင်းကုန်ပစ္စည်းတရားဝင် တင်သွင်းမှုမှာ များစွာလျော့ကျလာခဲ့ကြောင်းသိရသည်။ မြဝတီနယ်စပ်မှ ထိုင်းကုန်စည်စီးဆင်းမှု နေ့စဉ်များပြားနေသော်လည်း ကုန်သွယ်မှုပမာဏ လျော့ကျလာခြင်းမှာ တရားမဝင်ကုန်သွယ်မှု မြင့်တက်လာခြင်းကြောင်းဖြစ်သည်ဟု မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြဝတီနယ်စပ်မှတစ်ဆင့် မြန်မာနိုင်ငံဘက်သို့ ဆိုင်ကယ်၊ စက်သုံးဆီ၊ စားသောက်ကုန်၊ လူသုံးကုန်၊ အချိုရည်၊ မုန့်မျိုးစုံနှင့် ဘိလပ်မြေအပါအဝင် အိမ်ဆောက်ပစ္စည်းအများအပြားတင်သွင်းလျက်ရှိသလို မြန်မာနိုင်ငံဘက်မှလည်း ထိုင်းနိုင်ငံသို့ ပြောင်းဆန်နှင့် လယ်ယာထွက်ကုန်၊ ရေသယံဇာတများ တင်ပို့လျက်ရှိကြောင်းသိရသည်။ ယခုရက်ပိုင်းအတွင်း ဂျိုင်း (ကျုံဒို) ဘောတံတားမှ ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာ၍ရနေပြီဖြစ်သော်လည်း လမ်းကျဉ်းခြင်းကြောင့် ယာဉ်ကြောပိတ်ဆို့မှု ဖြစ်လျက်ရှိကာ ကုန်သွယ်မှုနှောင့်နှေးနေကြောင်းသိရသည်။

Source: BUSINESS https://news-eleven.com/article/129566

## လက်ရှိဘဏ္ဍာနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၅၈၀၀ ဝင်ရောက်ရန် မျှော်မှန်းထားသော်လည်း ဘဏ္ဍာနှစ်ကုန်ဆုံးရန် တစ်လကျော်သာလိုချိန်အထိ ဒေါ်လာသန်း ၃၈၀၀ ကျော်သာဝင်ရောက်ထား

လက်ရှိဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၅၈၀၀ အထိဝင်ရောက်ရန် မျှော်မှန်းထားသော်လည်း ဘဏ္ဍာနှစ်ကုန်ဆုံးရန် တစ်လကျော်သာ လိုတော့သည့်အချိန်အထိ ဒေါ်လာသန်း ၃၈၀၀ ကျော်သာ ဝင်ရောက်ထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။




၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၈၃၂ ဒသမ ၄၆၆ သန်း ဝင်ရောက်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ်(၁၃/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းနှစ်ခု၊ အတည်ပြုလုပ်ငန်း ကိုးခုခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှသိရသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း နှစ်ခုနှင့် အတည်ပြုလုပ်ငန်းတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းရှစ်ခု ခွင့်ပြုပေးခဲ့သည်။ အဆိုပါအစည်းအဝေးအတွင်း စုစုပေါင်းလုပ်ငန်း ၁၁ ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ ၇၄ ဒသမ ၃၃၅ သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့သည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၅၈၈၇ ဦးကို ဖန်တီးပေးမည်ဖြစ်ကြောင်းနှင့်ခွင့်ပြုအတည်ပြုလုပ်ငန်း ၁၁ ခုမှာ စက်မှုကဏ္ဍဖြစ်သည်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြု /အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၃၅ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၂၉၀ ဒသမ ၄၄၂ သန်းဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ဒေါ်လာ ၃၆၁၈ ဒသမ ၇၈၆ သန်းဖြစ်သည်။ အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၂၂၃ ဒသမ ၆၈၀ သန်းဖြစ်သည်။ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဩဂုတ် ၁၃ ရက်မှ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၈၃၂ ဒသမ ၄၆၆ သန်းဖြစ်သည်။

၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဝင်ငွေအလယ်အလတ်အဆင့်ရှိသည့် နိုင်ငံဖြစ်လာစေရန်ရည်ရွယ်၍ နှစ် ၂၀ ကြာဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းအား အကောင်အထည်ဖော်လျက်ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုစီမံကိန်းအရသိရသည်။ ထို့ပြင် နှစ် ၂၀ အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာဘီလျံ ၂၀ ကျော်ရရှိစေရန်နှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေး မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁အထိ)၊ ကာလလတ်ငါးနှစ်(၂၀၂၁-၂၀၂၂ခုနှစ်မှ-၂၀၂၅-၂၀၂၆ အထိ)၊ ကာလရှည်၁၀နှစ်(၂၀၂၆-၂၀၂၇ ခု နှစ်မှ ၂၀၃၅-၂၀၃၆အထိ) အသီးသီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုစီမံကိန်း၏ အခြေပြုကိစ္စရပ် (Base case) အပေါ်အခြေခံ၍ တွက်ချက်ထားသည့် ရင်းနှီးမြှုပ်နှံမှု ဦးတည်ချက်များ (Investment Target ) များမှာ ကာလတိုငါးနှစ်ဖြစ်သည့် ၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိတွင် နှစ်စဉ်ဒေါ်လာ ၅ ဒသမ ၈ ဘီလျံ၊ ကာလလတ် ငါးနှစ်ဖြစ်သည့်၂၀၂၁-၂၀၂၂ခုနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ၈ ဒသမ ၅ ဘီလျံ၊ ၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၀ -၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၂ ဒသမ ၃ ဘီလျံ၊ ၂၀၃၁-၂၀၃၁ ခုနှစ်မှ ၂၀၃၅-၂၀၃၆ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ဒေါ်လာ ၁၇ ဒသမ ၆ ဘီလျံအထိရရှိရန် အသီးသီးခန့်မှန်းထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/129573

## Bank of China ယူနန်ပြည်နယ်ဘဏ်ခွဲမှ ယူနန်ပြည်နယ်၏ ပထမဦးဆုံး မြန်မာနိုင်ငံသို့ ယွမ်ငွေလွှဲပို့နိုင်သည့်လမ်းကြောင်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့

မကြာသေးမီရက်ပိုင်းက Bank of China ယူနန်ပြည်နယ်ဘဏ်ခွဲ၏ ပထမဦးဆုံးအဖြစ် မြန်မာနိုင်ငံသို့ ယွမ်ငွေတိုက်ရိုက်လွှဲပို့သည့်လုပ်ငန်းကို အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ပြီး ယူနန်ပြည်နယ်၏ ပထမဦးဆုံးသော မြန်မာနိုင်ငံသို့ ယွမ်ငွေငွေလွှဲလမ်းကြောင်း စတင်ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ ဘဏ်သည် ယူနန်ပြည်နယ်နှင့် ထိစပ်နေသောနိုင်ငံသို့ နယ်စပ်ဖြတ်ကျော် ယွမ်ငွေတိုက်ရိုက်လွှဲပို့ခြင်းလုပ်ငန်း၏ ဘက်စုံလွှမ်းခြုံမှုကို အကောင်အထည်ဖော်နိုင်ခဲ့ပြီး ယူနန်ပြည်နယ်ယွမ်ငွေ အပြည်ပြည်ဆိုင်ရာလမ်းကြောင်းတွင် ရှေ့သို့ထပ်ဆင့်လှမ်းချီသော ခိုင်မာသည့်ခြေလှမ်းကို မြှင့်တင်နိုင်ခဲ့ကြောင်းသိရပါသည်။

မြန်မာနိုင်ငံသည် ယူနန်ပြည်နယ်၏ အရေးပါသော စီးပွားကုန်သွယ်ဖလှယ်ဆောင်ရွက်မှု မိတ်ဖက်ဖြစ်သော်လည်း

ကာလရှည်ကြာသည်အထိ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ယွမ်ငွေ ငွေလွှဲပို့သည့်လမ်းကြောင်းကို မဖွင့်လှစ်နိုင်ခဲ့ပါ။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ မြန်မာနိုင်ငံဗဟိုဘဏ်မှ ထုတ်ပြန်သော နိုင်ငံခြားငွေစီမံခန့်ခွဲမှုလမ်းညွှန်တွင် နိုင်ငံခြားငွေလွှဲကုန်သွယ်မှုလိုင်စင်ရဘဏ်များအားလုံး ယွမ်ငွေကို နိုင်ငံတကာသုံးပေးချေနိုင်သည့်ငွေအဖြစ် ခွင့်ပြုပေးခဲ့ပါသည်။ Bank of China ယူနန်ပြည်နယ်ဘဏ်ခွဲနှင့် Bank of China ဟောင်ကောင်၊ Bank of China အုပ်စု ရန်ကုန်ကိုယ်စား လှယ်ရုံးတို့သည် လုပ်ငန်းအဖွဲ့ငယ်ကို လျင်မြန်စွာဖွဲ့စည်းခဲ့ပြီး အဆိုပါလုပ်ငန်းပုံစံအား နက်ရှိုင်းစွာသုတေသနပြုခဲ့ကာ သက်ဆိုင်ရာအစီအစဉ်များကို ပြုလုပ်ခဲ့ပါသည်။ မကြာသေးမီက ယူနန်ပြည်နယ် စီးပွားရေးလုပ်ငန်းတစ်ခုသည် ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံသို့ ယွမ်ငွေလွှဲပို့လိုသောကြောင့် Bank of China ယူနန်ပြည်နယ်ဘဏ်ခွဲမှတစ်ဆင့် ပြည်တွင်းပြည်ပ နီးကပ်စွာချိတ်ဆက်မှုဖြင့် ယူနန်မှတစ်ဆင့် ဟောင်ကောင်၊ ထိုမှရန်ကုန်သို့ ငွေလွှဲပို့သည်လမ်းကြောင်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး နောက်ဆုံးတွင် Customer ငွေကို အဆင်ပြေချောမွေ့စွာ လွှဲပို့ပေးနိုင်ခဲ့ကြောင်း သိရပါသည်။

**Source:** https://www.facebook.com/shweliayarnews/posts/1195928333896924

## မြန်မာ့ပို့ကုန်များ ပြည်ပသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တိုးမြှင့်တင်ပို့နိုင်တော့မည်

မြန်မာ့ပို့ကုန်များကို ဂျပန်၊ ကိုရီးယားနဲ့ အီးယူနိုင်ငံများသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်မယ့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) သဘောတူစာချုပ်ကို လာမယ့်နိုဝင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ရန်ပြင်ဆင်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှသိရပါတယ်။

တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ သြစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့နဲ့ အာဆီယံ (၁၀) နိုင်ငံတို့ ပူးပေါင်း အကောင်အထည်ဖော်မယ့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှာ အခွန်ကင်းလွတ်ခွင့်များနဲ့ စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မယ့် အစီအစဉ်များပါဝင်ကြောင်းသိရပါတယ်။ ရင်းနှီးမြှုပ်နှံမှုအတွက် နေရာကန့်သတ်နိုင်မယ့်အချက်များ၊ မြေအသုံးချပိုင်ခွင့်နဲ့ပက်သက်ပြီး အစိုးရရဲ့ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နဲ့ လာရောက်ရင်းနှီးမြှုပ်နှံမယ့်လုပ်ငန်းများကို မြန်မာနိုင်ငံကပြဋ္ဌာန်းထားတဲ့ ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း ခွင့်ပြုခွင့်ရရှိရေးကိုလည်း မြန်မာကဆောင်ရွက်ခွင့်ရရှိထားပါတယ်။ RCEP သည် ကမ္ဘာ့လူဦးရေရဲ့ (၄၇) ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ကမ္ဘာ့ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) (၄၂) ရာခိုင်နှုန်းရှိတဲ့အတွက် ကမ္ဘာ့အကြီးမားဆုံး လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူစာချုပ်ဖြစ်လာမှာဖြစ်တဲ့အတွက် အဆိုပါစာချုပ်ဆွေးနွေးညှိနှိုင်းမှုများရဲ့ တိုးတက်မှုအခြေအနေကို ကမ္ဘာ့နိုင်ငံအသီးသီးက စိတ်ဝင်တစားစောင့်ကြည့်လေ့လာလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံက RCEP မှာပါဝင်ခြင်းဖြင့် ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ခန့်ရှိတဲ့ဈေးကွက်တွေဆီ မြန်မာ့ပို့ကုန်များကို အကောက်ခွန်ကင်းလွတ်သက်သာခွင့်နဲ့ တိုးမြှင့်တင်ပို့နိုင်မယ့် အခွင့်အလမ်းများရရှိနိုင်မယ့်အပြင် အဆိုပါစာချုပ်မှာ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခန်းကဏ္ဍလည်းပါဝင်တဲ့အတွက် မြန်မာနိုင်ငံအတွင်းသို့ စာချုပ်ဝင်နိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက်ဝင်ရောက်နိုင်မှာဖြစ်ပါတယ်။

**Source: Ministry Of Investment And Foreign Economic Relations**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2263-myanmar-exports-overseas-tax-exemption-to-be-able-to-increase-exports.html

## STOCK EXCHANGE (20.8.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 12,000 | 12,000 | 12,000 | 99 | 1,188,000 | 27,112,747 | 325,353 |
| MTSH | 00002 | 3,900 | -200 | -4.88% | 4,100 | 4,100 | 3,900 | 17,925 | 71,576,800 | 38,929,150 | 151,824 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 5 | 42,000 | 10,400,986 | 87,368 |
| FPB | 00004 | 26,000 | +0 | +0.00% | 26,000 | 26,000 | 26,000 | 174 | 4,524,000 | 2,472,053 | 64,273 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 951 | 2,900,550 | 12,823,224 | 39,111 |

## Market summary

As of 21st Aug. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 487.78 | -5.69 | -1.15% | 493.47 | 493.47 | 487.78 | 19,154 | 80,231,350 | 5 | 667,929 |

### Index chart




# Market Overview

As of 1:00 pm, 21st Aug. 2019

| MYANPIX | 487.78 ▼ 5.69 |
|---|---|
| Total Volume (shares) | 19,154 |
| Total Value (MMK) | 80 mil |
| Listed Company | 5 |
| Market Cap. (MMK) | 667,929 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▼ 200 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 26,000 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |